http://www.dhammadownload.com

ရွှေပါရမီ

လက်ကမ်းစာစဉ်(၃၁)

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# အကြင်နာပေါင်း ရှစ်သောင်းလေးထောင်



GRAPHIC
NAY WINN AUNG
099061597

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

အဖွား ဒေါ်ခင်နွဲ့

ဖခင် ဦးမြတ်စောရင် တို့အားရည်စူးပြီး

မိခင် ဒေါ်အေးအေးဝင်း အားအမှူးထား၍

သား - မောင်မြတ်ဇာနည်ရင်

၏

# ဓမ္မဒါန

(၁၇-၂-၂၀၁၀)

http://www.dhammadownload.com

ဓမ္မစကား။ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . . . သို့

အမှတ်တရဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

# အရပ်ဂုဏ်တော်

အရပ် - ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရပ် - ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

အရပ် - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။


စာမူခွင့်ပြုချက် - ၆၀၀၀၂၉၀၁၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၆၀၀၀၃၄၀၁၁၀

မျက်နှာဖုံးပန်းချီ - နေဝင်းအောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း၊ ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီစာပေဖြန့်ချီရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

တအုပ်ကတ်တလောက်အညွှန်း(CIP)

| | |
|---|---|
| သန္တာမိက၊ အရှင် | ၂၉၄.၃ |
| အကြင်နာပေါင်းရှစ်သောင်းလေးထောင် / အရှင်သန္တာမိက။ – ရန်ကုန်၊ ရွှေပါရမီစာပေ၊ ၂၀၁၀။ | |
| ၂၈–စာ၊ ၁၀ X ၁၄ စင်တီ။ | |
| (၁) အကြင်နာပေါင်းရှစ်သောင်းလေးထောင် | |


ဓမ္မဒါန

http://www.dhammadownload.com



# အကြင်နာပေါင်း

## ရှစ်သောင်းလေးထောင်

[ ၁ ]

မြတ်စွာဘုရားရှင်လက်ထက်တုန်းက သာဝတ္ထိမြို့မှာ 'ဥပ္ပလဝဏ်' ဆိုတဲ့ သူဌေးသမီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ ဥပ္ပလဝဏ်ဆိုတာ မြန်မာလိုတော့ 'မခင်မြင့်' ပေါ့။ မခင်မြင့်ဟာ မြင်သူတိုင်း ငေးရလောက်အောင် သိပ်ချော သိပ်လှတဲ့ ရှုချင်စဖွယ် မိန်းကလေးတစ်ဦးပါ။

ရှုမဝအလှပိုင်ရှင် မခင်မြင့်လေး အရွယ်ရောက်တယ်ဆိုရင်ပဲ ချောချောမြင်ရင် သိမ်းပိုက်ချင်တဲ့ (ယဉ်ကျေးအောင် ပြောရင်တော့ လှတာတွေ့ရင် တော်ကောက်

http://www.dhammadownload.com

ချင်တဲ့) ကောသလမင်းကြီးက မခင်မြင့်ကို မောင်းမငယ် အဖြစ်နဲ့ နန်းတော်မှာ ခေါ်ထားလိုက်ပါတယ်။

တစ်နှစ် နှစ်နှစ်လောက်အကြာမှာ ဇိဝဇ္ဇိ (မြန်မာလို မခင်သက်) ဆိုတဲ့ သမီးလေးတစ်ယောက် ဖွားမြင်ပါတယ်။ ချစ်စရာကောင်းတဲ့သမီးလေး မခင်သက်ကို ကောသလမင်းကြီးက မြင်မြင်ချင်း အရမ်းချစ်သွားတဲ့ အတွက် ချစ်စရာသမီးလေး ဖွားမြင်ပေးတဲ့ မခင်မြင့်ကို အဘိသိက်သွန်းပြီး မိဖုရားအဖြစ် တင်မြှောက်လိုက်ပါတယ်။

ဒီသမီးလေးကြောင့် မိဖုရားဖြစ်ခဲ့ရတာမို့ မိခင်မေတ္တာနဲ့ ချစ်ရတဲ့ နဂိုချစ်ခြင်းအပေါ်မှာ ကျေးဇူးရှင်အဖြစ်နဲ့ ချစ်ရတဲ့ မြတ်နိုးခြင်းတွေပါ တွဲစပ်ပြီး သံယောဇဉ်တွေ အထပ်ထပ် တိုးနေမိပါတော့တယ်။

မခင်မြင့်ရဲ့ အသည်းအသက်ဖြစ်တဲ့ မခင်သက်လေးဟာ အသက်မရှည်ရှာဘဲ ပြေးတတ်လွှားတတ် ကစားတတ်တဲ့ ချစ်စရာအကောင်းဆုံးအရွယ်မှာ သူငယ်နာရောဂါတစ်ခုနဲ့ ကွယ်လွန်သွားရှာပါတယ်။

— — — —

http://www.dhammadownload.com

အသက်တမျှ ချစ်ရတဲ့သမီးလေး သေသွားတဲ့အတွက် အသက်ထွက်လုမတတ် ပူဆွေးသောကရောက်နေရတဲ့ မခင်မြင့်ဟာ သမီးလေး မြှုပ်နှံရာ သင်္ချိုင်းကို နေ့တိုင်းသွားပြီး အကြီးအကျယ် ငိုကြွေးနေပါတော့တယ်။

တစ်နေ့ . . . ဘုရားကျောင်းတော်ကိုသွား၊ ဘုရားကို ရှိခိုးဦးချ၊ ခဏလောက် ထိုင်ပြီးတာနဲ့ သမီးလေးရှိရာ အစိရဝတီ မြစ်ကမ်းနံဘေးက သင်္ချိုင်းကို သွားပြီး မြစ်ကမ်းနံဘေးမှာ မတ်တတ်ရပ်ရင်း သမီးကို တမ်းတငိုကြွေးပြန်ပါတယ်။

'သမီးရေ၊ သမီးရဲ့' နဲ့ သမီးချင်းထပ် ငိုကြွေးနေတဲ့ မခင်မြင့်ထံ ဇေတဝန်ကျောင်း၊ ဂန္ဓကုဋိတိုက်ထဲမှာ သီတင်းသုံးနေတဲ့မြတ်စွာဘုရား ကျောင်းတော်မှာ ထိုင်မြဲတိုင်းထိုင်ရင်းက နိမ္မိတရုပ်ပွားတော်လွှတ်ပြီး တရားဟောတော်မူပါတယ်။ (မခင်မြင့်ကတော့ မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာတယ်လို့ပဲ ထင်တာပါ။)

'ချစ်သမီး . . . ၊ သင် ဘာလို့ ငိုနေတာလဲ'

'မြတ်စွာဘုရား . . . ၊ တပည့်တော်မရဲ့ သမီး

http://www.dhammadownload.com

လေး သေသွားလို့ ငိုနေတာပါ'

'သမီးလေး နာမည်က'

'မခင်သက်ပါဘုရား'

'မခင်သက် ဆိုတဲ့ နာမည်နဲ့ပဲ တော်စပ်ခဲ့တဲ့ သင့်သမီးတွေ ရှစ်သောင်းလေးထောင်တောင် ရှိခဲ့ပါပြီ။ နာမည်တူ သမီးပေါင်း ရှစ်သောင်းလေးထောင်ကို ဒီသင်္ချိုင်း၊ ဒီတစ်နေရာတည်းမှာပဲ မြှုပ်နှံခဲ့တာပါ၊ အဲဒီ ရှစ်သောင်းလေးထောင်ထဲက ဘယ်တစ်ယောက်ကို တမ်းတပြီးတော့များ ချစ်သမီး ငိုကြွေးနေတာလဲ၊ ကိုယ့်ကိုယ်ကို သိစမ်းပါ။ ကိုယ့်ဘဝကိုယ် သိအောင်လုပ်စမ်းပါ ချစ်သမီးရယ်'

တရားတော်ကို ဉာဏ်သွင်းနာရင်း မတ်တတ်ရပ်လျက်နဲ့ပဲ ဝိပဿနာအလုပ် အားထုတ်လိုက်တာ တရားတော်အဆုံးမှာ လေးမဂ်လေးဖိုလ် အဆင့်ဆင့်တက်ပြီး မခင်မြင့် လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်သွားပါတယ်။ အဲဒီနေ့မှာပဲ ကောသလမင်းကြီးထံ ခွင့်ပန်ပြီး ဘိက္ခုနီမဝတ်၊ ရဟန်းပြုလိုက်ပါတယ်။

http://www.dhammadownload.com

[ ၂ ]

ဒီတစ်နေရာတည်းမှာပဲ မခင်သက်ပေါင်း ၈ သောင်း ၄ ထောင် မြုပ်နှံခဲ့ဖူးသလို တခြားနာမည်နဲ့ နာမည်တူသမီးပေါင်း ၈ သောင်း ၄ ထောင်၊ ဥပမာ မမေသက်ပေါင်း ၈ သောင်း ၄ ထောင်လည်း မြုပ်နှံခဲ့ဖူး ပါပြီ။ သမီးနာမည် မျိုးကွဲပေါင်းလည်း ၈ သောင်း ၄ ထောင်မကသလို မျိုးကွဲတစ်မျိုးတစ်မျိုးမှာလည်း ၈ သောင်း၄ ထောင်စီ၊ ၈ သောင်း ၄ ထောင်စီ မကတော့ပါ ဘူး။

သမီးဘက်ကတွင် ၈ သောင်း ၄ ထောင်လား ဆိုတော့ မဟုတ်ပါဘူး၊ အမေဘက်ကလည်း ၈ သောင်း ၄ ထောင်ပါ။ မခင်သက်ရဲ့အမေ တော်စပ်ခဲ့ဖူးတာ မခင် မြင့်ဆိုတဲ့ နာမည်တစ်မျိုးတည်းနဲ့တောင် ဘဝပေါင်း ၈ သောင်း ၄ထောင် ရှိပါတယ်။ တခြားနာမည် တစ်မျိုးတစ် မျိုးနဲ့လည်း အမေဘဝ ၈ သောင်း ၄ ထောင်စီ . . .၊ နာမည်ပေါင်းလည်း ၈ သောင်း ၄ ထောင်မက . . .။

'ဟူး . . . မောလိုက်တာ . . .၊ သံသရာက

http://www.dhammadownload.com

အဲဒီလောက်တောင် ရှည်လျားလွန်းလှချည်လား'

ဒီရက်ပိုင်းမှာ . . . ပြည်သူ့အချစ်တော် အနုပညာရှင် 'ဒွေး' နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားပါတယ်။ ကွယ်လွန်ချိန်မှာ အသက်က (၄၁)နှစ် ပြည့်ပြီးလို့ ၂လနဲ့ ၄ရက်ပဲ ရှိပါသေးတယ်။ (၂၀၀၇၊ ဇူလိုင်၊ ၁၁ ကွယ်လွန်)

'ဒွေး' ဆိုတဲ့ နာမည်တစ်မျိုးတည်းနဲ့ပဲ အနုပညာရှင်ဖြစ်ခဲ့တဲ့ ဘဝပေါင်း ၈သောင်း ၄ထောင် ရှိပါလိမ့်မယ်။ ရေဝေးသုသာန်က ဒွေးရဲ့ ရုပ်ကလာပ် မီးသင်္ဂြိုဟ်တဲ့ နေရာတစ်နေရာတည်းမှာပဲ ဒွေးပေါင်း ၈ သောင်း ၄ ထောင် မီးသင်္ဂြိုဟ်ခဲ့ပြီးလောက်ပါပြီ။ အသက် ၄၁ နှစ်နဲ့ ၂လ ၄ ရက်မှာပဲ သေခဲ့တဲ့ ဘဝပေါင်းက ၈ သောင်း ၄ ထောင် . . .၊ နှလုံးရောဂါနဲ့ပဲ သေခဲ့တဲ့ ဘဝပေါင်းက ၈ သောင်း ၄ ထောင် . . .၊ မိုးမိုး ဆိုတဲ့ နာမည်နဲ့ပဲ ဒီဇနီးကို ဇနီးတော်ခဲ့ဖူးတဲ့ ဘဝပေါင်းက ၈ သောင်း ၄ ထောင် . . .၊ မိုးမိုးကို ချန်ထားရစ်ခဲ့တဲ့ ဘဝပေါင်းက ၈ သောင်း ၄ ထောင်. . .၊. . ၈ သောင်း ၄ ထောင်

http://www.dhammadownload.com

. . . ၊ . . . ဧသောင်း ၄ ထောင် . . . ။

'ဘုရား . . . ဘုရား . . . သံသရာကျင်လည်ရတာ ကြောက်စရာကောင်းလှပါလား'

အကြောင်းအရာတိုင်း၊ အဖြစ်အပျက်တိုင်းကို ဧသောင်း ၄ထောင်၊ ဧသောင်း ၄ထောင်နဲ့ လျှောက်စဉ်းစားကြည့်လိုက်မယ်ဆိုရင် သံသရာကျင်လည်ရခြင်းအပေါ်မှာရော၊ ပဋိသန္ဓေ ဖြစ်တည်မှုအပေါ်မှာပါ ငြီးငွေ့တဲ့စိတ် ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီ ငြီးငွေ့တဲ့စိတ်က ကာမဂုဏ်အာရုံတွေအပေါ်မှာ တပ်မက်တဲ့စိတ် ကင်းရှင်းစေပြီး တရားအာရုံပေါ်မှာ စိတ်ကို တည့်တည့်မတ်မတ် ကျရောက်စေနိုင်ပါတယ်။ တရားအာရုံပေါ်မှာ စိတ်တည့်မတ်လေ၊ စိတ်ငြိမ်းအေးချမ်းသာလေပါပဲ။

ပစ္စုပ္ပန်တည့်တည့်ကြည့်၊ ပစ္စုပ္ပန်တည့်တည့်ကြည့် ဆိုပေမယ့် တချို့ပုဂ္ဂိုလ်တွေအတွက် တချို့အဖြစ်အပျက်က ပစ္စုပ္ပန်တည့်တည့်ကြည့်ရုံနဲ့ စိတ်ကို မအေးချမ်းစေနိုင်ပါဘူး။ အတိတ်နဲ့ ဆက်စပ်ပြီး ကြည့်မှ စိတ်ကို အေးချမ်းစေနိုင်ပါတယ်။ 'မခင်သက်ပေါင်း ဧသောင်း ၄ထောင်'

http://www.dhammadownload.com

လို့ အတိတ်နဲ့ ဆက်စပ်ပြီး ကြည့်လိုက်လို့ မခင်မြင့်ရဲ့ သောက ငြိမ်းအေးခဲ့ရတာ မဟုတ်လား။

ကိုယ် သိပ်ချစ်ရတဲ့သူနဲ့ သေခွဲ၊ သို့မဟုတ် ရှင်ခွဲ ခွဲရလို့ ဝမ်းနည်းပူဆွေးနေရတဲ့အခါမျိုးမှာ ပစ္စုပ္ပန်တည့်တည့် စဉ်းစားရုံနဲ့ သောက မငြိမ်းသေးရင် 'ဒီနာမည်ရှိတဲ့ ဒီလူနဲ့ပဲ ဒီလိုခွဲခွဲရတဲ့ဘဝပေါင်း ၈သောင်း ၄ ထောင် ရှိခဲ့ပြီ၊ သို့မဟုတ် ၈ သောင်း ၄ထောင် မကတော့ဘူး'လို့ အတိတ်နဲ့ ဆက်စပ်ပြီး စဉ်းစားကြည့်လိုက်ပါ။ ရင်ထဲက သောကတွေ အတိုင်းအတာတစ်ခုထိ ငြိမ်းအေးသွားပါလိမ့်မယ်။ အရင်ကလောက် သောကကြောရှည်မှာ မဟုတ်တော့ပါဘူး။ ခွဲခွာခြင်းတွေအတွက် သောကငြိမ်းကြောင်းနည်းကောင်းတစ်ခုပေါ့။

ဒီ 'ရှစ်သောင်းလေးထောင်အတွေး'က ခွဲခွာခြင်းတွေအတွက်သာ ဆေးစွမ်းထက်တာ မဟုတ်ပါဘူး။ အကြောင်းအရာတိုင်း၊ အဖြစ်အပျက်တိုင်းအတွက် ဆေးစွမ်းထက်ပါတယ်။ ဉာဏ်ယှဉ်ပြီး ရေလဲနဲ့ သုံးတတ်ဖို့သာ လိုတာပါ။

http://www.dhammadownload.com

သားအရွယ် လူငယ်တစ်ယောက်အပေါ် မကျေ မနပ်ဖြစ်နေတဲ့ လူကြီးတစ်ယောက်အနေနဲ့ 'ဒီကလေး တစ်ချိန်က ငါ့ရဲ့ သားအရင်း ဖြစ်ခဲ့ဖူးမှာပဲ၊ တစ်ဘဝတည်း တောင် ကမှာမဟုတ်ဘူး၊ ဘဝပေါင်း ရာသောင်း ငှထောင် လောက် သားတော်ခဲ့ဖူးလိမ့်မယ်၊ တခြားနာမည်ဆိုတာ အသာထားလိုက်ဦး၊ ဒီနာမည် တစ်မျိုးတည်းနဲ့ပဲ ငါ့သား အရင်းဖြစ်ခဲ့ဖူးတဲ့ ဘဝတွေ ရာသောင်း ငှထောင်မက ရှိခဲ့မှာ သေချာတယ်' လို့ တွေးလိုက်ရင် သူ့အပေါ် မကျေ နပ်တဲ့ စိတ်တွေ ပျောက်သွားပါလိမ့်မယ်။ 'သား' ဆိုတဲ့ အသိက မကျေနပ်တဲ့စိတ်ကို လွင့်စင်သွားစေခဲ့တာပါ။

အဖေအရွယ် လူတစ်ယောက်၊ သို့မဟုတ် အဖေ လို ချစ်ရတဲ့လူတစ်ယောက်အပေါ် စိတ်ဆိုးနေတဲ့ လူငယ် တစ်ယောက်အနေနဲ့ 'သူတစ်ချိန်က ငါ့ရဲ့ အဖေအရင်း ဖြစ်ခဲ့ဖူးမှာပဲ၊ ဒီနာမည် တစ်မျိုးတည်းနဲ့ပဲ ငါ့ရဲ့ အဖေ အရင်းဖြစ်ခဲ့ဖူးတဲ့ဘဝတွေ ရာသောင်း ငှထောင်မက ရှိခဲ့ လောက်ပြီ၊ ဒီဘဝမှာ သိပ်မချစ်ပေမယ့် ငါ့ရဲ့ အဖေအရင်း ဖြစ်ခဲ့တဲ့ ဘဝတွေတုန်းက ငါ့ကို အရမ်းချစ်ခဲ့မှာပဲ၊ ငါ့ကို

http://www.dhammadownload.com

ဘာမဆို အလိုလိုက်ပြီး ကြင်နာယုယခဲ့မှာပဲ၊ ဒီဘဝမှာ တကယ်မချစ်သလို၊ အရမ်းမချစ်သလို ဖြစ်နေပေမယ့် အဖေရင်း ဖြစ်ခဲ့တဲ့ အတိတ်ဘဝတွေတုန်းကတော့ ငါ့ကို အစစအရာရာ အနစ်နာခံပြီး တကယ်ချစ်ခဲ့၊ အရမ်းချစ်ခဲ့ ဖူးမှာပါလေ' လို့ တွေးလိုက်ရင် သူ့အပေါ် စိတ်ဆိုးနေတာ တွေ ပျောက်သွားပါလိမ့်မယ်။ 'အဖေ' ဆိုတဲ့ အသိက စိတ်ဆိုးနေတာကို ဖယ်ရှားပေးလိုက်တာပါ။

အဖေအရင်း၊ သားအရင်း၊ တကယ့်သားအဖတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲ မကျေမနပ် ဖြစ်ဖြစ်၊ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး . . . ခဏပါပဲ။ နောက်တော့လည်း အဖေက သားကိုချော့၊ သားက အဖေကို ချော့နဲ့ မကျေမနပ်ပြေ၊ စိတ်ဆိုးပြေပြီး ကြင်ကြင် နာနာ နွေးနွေးထွေးထွေး ဖြစ်သွားကြတာပါပဲ။ ငါ့အဖေ ဆိုတဲ့စိတ်၊ ငါ့သား ဆိုတဲ့စိတ်က အရာရာကို နားလည်ခွင့် လွှတ်ပေးနိုင်စွမ်းရှိပါတယ်။ အဖေလို့ မမြင်၊ သားလို့ မမြင် လို့သာ နားလည်မပေးနိုင်၊ ခွင့်မလွှတ်နိုင် ဖြစ်နေကြတာ ပါ။

http://www.dhammadownload.com

'သံသရာမှာ အဖေ၊ အမေ၊ သား၊ သမီး၊ ညီ၊ အစ်ကို၊ အစ်မ၊ နှမ စသည် မတော်ဖူးတဲ့သူ မရှိ' ဆိုတဲ့ တရားဒေသနာတော်ရယ်၊ 'တော်ခဲ့ဖူးသမှ ၈သောင်း ၄ ထောင်' ဆိုတဲ့ တရားဒေသနာတော်ရယ်၊ တရားဒေသနာတော်နှစ်ခုကို တွဲစပ်ပြီး ဆင်ခြင်တတ်မယ်ဆိုရင် လူကြီးနဲ့ လူငယ်ကြားမှာပဲဖြစ်ဖြစ်၊ ရွယ်တူချင်းကြားမှာပဲဖြစ်ဖြစ် မကျေနပ်မှုတွေ၊ တင်းမာမှုတွေ၊ အမုန်းတရားတွေ၊ အာဃာတတရားတွေ (ရန်ငြိုးဖွဲ့မှုတွေ) ဆိုတာ လုံး၀ ရှိမှာ မဟုတ်တော့ပါဘူး။ တစ်ယောက်နဲ့တစ်ယောက်လည်း နားလည်နိုင်ကြ၊ ခွင့်လွှတ်နိုင်ကြသွားမှာပါ။

ဒီဘ၀မှာ ကိုယ့်ကို စိတ်ဆင်းရဲအောင် လုပ်နေတဲ့သူ၊ ကိုယ့်ကို စိတ်ညစ်အောင် လုပ်နေတဲ့သူကိုတောင်မှ 'သူ ကိုယ့်ကို ( - )အဖြစ်နဲ့ ဘ၀ပေါင်း ၈ သောင်း ၄ ထောင် စိတ်ချမ်းသာအောင် လုပ်ခဲ့ဖူးတယ်၊ ဘ၀ပေါင်း ၈ သောင်း ၄ ထောင် စိတ်ပျော်ရွှင်အောင် လုပ်ခဲ့ဖူးတယ်' လို့ တွေးလိုက်ရင် အလိုလို ခွင့်လွှတ်နိုင်သွားပါလိမ့်မယ်။

သံသရာမှာ မသက်ဆိုင်ခဲ့ဖူးတဲ့သူ တစ်ယောက်

http://www.dhammadownload.com

မှ မရှိပါဘူး။ ဘဝပုံစံအမျိုးမျိုးနဲ့ အကြိမ်ကြိမ် သက်ဆိုင်ခဲ့ကြပါတယ်။ အားလုံးက သက်ဆိုင်သူတွေချည်းပါ။ သက်ဆိုင်သူအချင်းချင်း ဘာလို့ နားလည်မပေးနိုင်ရမှာလဲ။ ကိုယ့်ရဲ့ သက်ဆိုင်သူကို ဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲ။ 'သက်ဆိုင်သူ သို့ . . . ပို့ မေတ္တာ . . . တေး လွှာဝေ' လိုက်ရင် တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းဆက်ဆံရတာ ဘယ်လောက်များ စိတ်အေးချမ်းစရာကောင်းလိုက်မလဲ။

တစ်ယောက်နဲ့ တစ်ယောက် အကန့်အသတ်မဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ဂရုစိုက်ခဲ့ကြတဲ့ ဘဝပေါင်းကလည်း ဂသောင်း ၄ထောင်ပါ။ တစ်ယောက်နဲ့တစ်ယောက် အဆုံးအစမဲ့ အကြင်နာတရားတွေနဲ့ ယုယခဲ့ကြတဲ့ ဘဝပေါင်းကလည်း ဂသောင်း ၄ ထောင်ပါ။ အတိတ်က ထားခဲ့ဖူးတဲ့ ချစ်မေတ္တာပေါင်း ဂသောင်း ၄ထောင်၊ အကြင်နာပေါင်း ဂ သောင်း ၄ ထောင်ကိုသာ မေ့မပစ်လိုက်ဘူးဆိုရင် ဒီဘဝမှာလည်း အကန့်အသတ်မဲ့ ချစ်ခြင်းမေတ္တာတွေ၊ အဆုံးအစမဲ့ အကြင်နာတရားတွေ ရက်ရက်

http://www.dhammadownload.com

ရောရော ပေးဖို့ အမြဲသတိရနေတော့မှာပါ။

'ရှစ်သောင်းလေးထောင်အတွေး' က . . . ခွဲရေး အတွက်လည်း အသုံးဝင်သလို တွဲရေးအတွက်လည်း အသုံးဝင်ပါတယ်။ ခွဲရေး၊ တွဲရေး အရေးနှစ်မျိုးလုံးအတွက် အသုံးဝင်တဲ့ ရှစ်သောင်းလေးထောင်အတွေးကို ဖော်ထုတ်ပေးခဲ့တဲ့ မြတ်စွာဘုရားရှင်ဟာ တကယ့်အနိုင်းမဲ့ ကျေးဇူးရှင်ပါပဲ။

[ ၃ ]

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ ကာမဂုဏ်အာရုံတစ်ခုခုကို ခံစားချင်စိတ် သိပ်ဖြစ်လာတဲ့ အခါ 'အို . . . သံသရာမှာ ဒါတွေ ငါခံစားခဲ့ဖူးပေါင်း များလှပါပြီ . . . ၊ ခံစားခဲ့ဖူးတဲ့ ဘဝပေါင်း ၈သောင်း ၄ထောင်တောင် မကတော့ပါဘူး . . .၊ ဘဝပေါင်း တောင် ၈သောင်း ၄ထောင်မကဘူး ဆိုမှတော့ အကြိမ်ပေါင်းကတော့ ပြောမနေနဲ့တော့' လို့ လေးလေးနက်နက် ဆင်ခြင်လိုက်မယ်ဆိုရင် အဲဒီအာရုံကို ခံစားချင်တဲ့စိတ်

http://www.dhammadownload.com

ပျောက်သွားပါလိမ့်မယ်။

ကာမဂုဏ် အာရုံတစ်ခုခုနဲ့ ပတ်သက်လို့ ကိလေသာစိတ် ဖြစ်ပေါ်ထင်ရှားလာတိုင်း 'ခံစားခဲ့ဖူးသမှ ဘဝပေါင်း ၈ သောင်း၄ထောင်' လို့ ဆင်ခြင်လိုက်ရင် ကိလေသာစိတ် လျော့ပါးပျောက်ကွယ်သွားနိုင်ပါတယ်။

သာယာမှုတစ်ခုခုကို ခံစားဖို့ တောင့်တတယ်၊ ဒါပေမဲ့ ခံစားလို့ မရနိုင်ဘူး၊ ခံစားပိုင်ခွင့် မရှိဘူး၊ ခံစားဖို့ မသင့်တော်ဘူး၊ ခံစားဖို့ အခြေအနေမပေးဘူး၊ အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ 'အို . . . ခံစားခဲ့ဖူးတာ ဘဝပေါင်း ၈သောင်း ၄ထောင် ရှိခဲ့ပါပြီ' လို့ ကိုယ့်စိတ်ကိုယ် ဖြေသိမ့်လိုက်ပါ။ လက်ရှိအခြေအနေအပေါ် စိတ်ကျေနပ်မှု ရ သွားပါလိမ့်မယ်။

'ဒါတွေအားလုံး ငါခံစားခဲ့ဖူးပြီးသားတွေချည်းပဲ၊ ခံစားခဲ့ဖူးတဲ့ ဘဝပေါင်း ၈သောင်း ၄ ထောင်တောင် မကတော့ပါဘူး၊ တော်ပါတော့၊ မခံစားချင်ပါနဲ့တော့'

၈သောင်း ၄ထောင် စက်ကွင်းထဲကနေ ဘယ်လိုပဲ ဆင်ခြင်ဆင်ခြင် ကိလေသာ လျော့စေနိုင်၊ ကိလေသာ

http://www.dhammadownload.com

ကင်းစေနိုင်တာချည်းပါပဲ။

အဖြစ်အပျက်တစ်ခုခုကြောင့် ဒေါသစိတ် ဖြစ်ပေါ်ထင်ရှားလာရင်လည်း 'ဒီလို အဖြစ်အပျက်မျိုးကြောင့် ဒေါသဖြစ်ခဲ့ရတဲ့ ဘဝပေါင်းလည်း ၈ သောင်း ၄ ထောင် မကတော့ပါဘူး၊ တော်ပါတော့၊ ဒေါသဖြစ်မနေပါနဲ့တော့' လို့ ချက်ချင်း ဆင်ခြင်လိုက်နိုင်မယ်ဆိုရင် ဒေါသစိတ် လျော့ပါးသွားနိုင်ပါတယ်။ ဒေါသစိတ် ကင်းပျောက်သွားနိုင်ပါတယ်။

အပူမရှာချင်လို့ အေးရာအေးကြောင်း လူပျိုကြီး လုပ်နေတဲ့သူကို 'ခင်ဗျား ဘာလို့ မိန်းမ မယူတာလဲ' . . . လို့ မေးလာခဲ့ရင်လည်း . . .

'မိန်းမတွေလည်း ယူခဲ့ဖူးပေါင်း များလှပါပြီ . . . ၊ ဘဝပေါင်း ၈သောင်း ၄ထောင်တောင် မကတော့ပါဘူး . . . ၊ တချို့ဘဝတွေမှာ တစ်ယောက်တောင်မက ဘူး . . . ယူခဲ့တာ . . . ၊ နှစ်ယောက်ဗျာ . . . ၊ သုံးယောက်ဗျာ . . . လေးယောက်ဗျာ'

လို့သာ ဖြေလိုက်ပါတော့။

http://www.dhammadownload.com

အပျိုကြီးကို 'ရှင် ဘာလို့ ယောက်ျားမယူတာလဲ' လို့ မေးလာရင်တော့ 'နှစ်ယောက်ရှင် . . . သုံးယောက်ရှင် . . .' ဆိုတာတွေ မထည့်နဲ့တော့နော်။ 'ယောက်ျားတွေလည်း ယူခဲ့ဖူးပေါင်းများလှပါပြီ. . .၊ ဘဝပေါင်း ၈ သောင်း ၄ထောင် မကတော့ပါဘူး' လို့ပဲ ဖြေလိုက်ပါ။ နှစ်ယောက် . . . သုံးယောက်လည်း ထည့်ချင်ထည့်လိုက်ပေါ့လေ။

'၈သောင်း ၄ထောင်' ဆိုတာ တကယ်တော့ အရေအတွက် များပြားခြင်းကို ဖော်ပြတဲ့ သူ့ခေတ်သုံး ဝေါဟာရမျှသာ ဖြစ်ပါတယ်။ 'ဘဝပေါင်း ၈ သောင်း ၄ ထောင် ကြုံခဲ့ပြီ' ဆိုတာ 'ဘဝပေါင်း အသင်္ချေအနန္တ ကြုံခဲ့ပြီ' လို့ ဆိုလိုတာပါ။ သားဖြစ်ခဲ့ဖူးတဲ့ ဘဝပေါင်းလည်း အသင်္ချေအနန္တ၊ အဖေဖြစ်ခဲ့ဖူးတဲ့ ဘဝပေါင်းလည်း အသင်္ချေအနန္တပေါ့။ မိန်းမယူခဲ့ဖူးတဲ့ ဘဝပေါင်းလည်း အသင်္ချေအနန္တ၊ ယောက်ျားယူခဲ့ဖူးတဲ့ ဘဝပေါင်းလည်း အသင်္ချေအနန္တပါပဲ။

စာသင်သားဘဝတုန်းက စာရေးသူကို ရဟန်း

http://www.dhammadownload.com

တစ်ပါးက 'အရှင်ဘုရား မိန်းမ မယူချင်ဘူးလား' လို့ မေးခဲ့ဖူးပါတယ်။ ကြုံကြုံဖန်ဖန်လာမေးတော့ စာရေးသူကလည်း ဘယ်ရမလဲ၊ ရှစ်သောင်းလေးထောင်နဲ့ ကိုင်ပေါက်လိုက်တာပေါ့။ 'သံသရာမှာ မိန်းမယူခဲ့ဖူးတဲ့ ဘဝပေါင်း အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှပါပြီဘုရား၊ သာသနာနဲ့ကြုံတုန်း မိန်းမ မယူပါရစေနဲ့တော့၊ ရဟန်းဘဝမှာပဲ ပျော်မွေ့ပါရစေ' လို့ ခပ်တည်တည်နဲ့ ပြန်ဖြေလိုက်ပါတယ်။ ('တဒင်္ဂလေးတွေပါ' စတဲ့ တခြားအဖြေတွေလည်း ရှိပါသေးတယ်။ ဒီဆောင်းပါးနဲ့ မဆိုင်လို့ ချန်ခဲ့ပါတယ်။)

## [ ၄ ]

'အတိတ် ၈သောင်း ၄ ထောင်' ကို ကိုယ့်စိတ်အေးချမ်းဖို့အတွက် ဆေးတစ်ခွက်အနေနဲ့ သောက်သုံးသလို 'ပစ္စုပ္ပန် ၈ သောင်း ၄ထောင်' ကိုလည်း လူသားအားလုံးရဲ့ စိတ်အေးချမ်းဖို့အတွက် ဆေးတစ်ခွက်အနေနဲ့ သောက်သုံးရပါဦးမယ်။ ကိုယ့်ဘဝလည်း အေးချမ်း၊ လူ

http://www.dhammadownload.com

သားအားလုံးရဲ့ ဘဝလည်း အေးချမ်းဖို့အတွက် 'အတိတ် ၈ သောင်း ၄ထောင်' ကိုလည်း လုံးဝ မမေ့သင့်သလို 'ပစ္စုပ္ပန် ၈သောင်း၄ထောင်' ကိုလည်း အမြဲသတိရဖို့ လိုပါတယ်။

'ပစ္စုပ္ပန် ၈သောင်း ၄ ထောင်' ဆိုတာက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားပေါင်း ၈သောင်း ၄ထောင်ကို ပြောတာပါ။ မေတ္တာပေါင်း ၈ သောင်း ၄ထောင်၊ ကရုဏာပေါင်း ၈သောင်း ၄ ထောင်၊ မုဒိတာပေါင်း ၈သောင်း ၄ထောင်၊ ဥပေက္ခာပေါင်း ၈ သောင်း ၄ထောင်ပေါ့။

မေတ္တာ ဆိုတာ တစ်ဖက်သားရဲ့ ကောင်းကျိုး ချမ်းသာကို ရွက်ဆောင်ပေးချင်တဲ့သဘော၊ တကယ်လည်း ရွက်ဆောင်ပေးနေတဲ့သဘောပါ။ ကရုဏာ ဆိုတာ တစ်ဖက်သားရဲ့ ဆင်းရဲဒုက္ခကို ဖယ်ရှားပေးချင်တဲ့သဘော၊ တကယ်လည်း ဖယ်ရှားပေးနေတဲ့သဘောပါ။ မုဒိတာ ဆိုတာ တစ်ဖက်သားရဲ့ ပြည့်စုံမှု၊ အဆင်ပြေမှု၊ ကံကောင်းမှုကို ဝမ်းမြောက်တဲ့သဘော၊ ကျေနပ်တဲ့သဘောပါ။

http://www.dhammadownload.com

ဥပေက္ခာ ဆိုတာ တစ်ဖက်သားရဲ့ ကိုယ့်အပေါ် ပြစ်မှားမှု ထိပါးမှုတွေကို အပြစ်မယူဘဲ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ကြေအေးတဲ့ သဘောပါ။

တိုတိုရှင်းရှင်း ပြောရရင် မေတ္တာဆိုတာ ကူညီခြင်း၊ ကရုဏာ ဆိုတာ ကြင်နာခြင်း၊ မုဒိတာဆိုတာ ကျေနပ်ခြင်း၊ ဥပေက္ခာ ဆိုတာ ခွင့်လွှတ်ခြင်းပါပဲ။ မေတ္တာတရားဆိုတာ ကူညီခြင်းတရားပါ။ ကရုဏာတရားဆိုတာ ကြင်နာခြင်းတရားပါ၊ သို့မဟုတ် အကြင်နာတရားပါ။ မုဒိတာတရားဆိုတာ ကျေနပ်ခြင်းတရားပါ။ ဥပေက္ခာတရားဆိုတာ ခွင့်လွှတ်ခြင်းတရားပါ။

အများအကျိုးသယ်ပိုးရွက်ဆောင်တဲ့နေရာမှာ ရှေ့တန်းက မြင်သာထင်သာ အလုပ်လုပ်နေတာက မေတ္တာတရားဆိုတဲ့ ကူညီခြင်းတရားပါ။ ဒါပေမဲ့ အဲဒီမေတ္တာတရားက အများကို ကူညီဖြစ်အောင် နောက်ကွယ်ကနေ ပုန်းလျှိုးကွယ်လျှိုး နှိုးဆော်တိုက်တွန်းနေသူကတော့ ကရုဏာတရားဆိုတဲ့ ကြင်နာခြင်းတရား၊ အကြင်နာတရားပါပဲ။

http://www.dhammadownload.com

အကြြင်နာတရား အားနည်းရင် အများကို နည်းနည်းပဲ ကူညီဖြစ်ပါတယ်။ အကြင်နာတရား အားများရင် အများကို များများကြီး ကူညီဖြစ်ပါတယ်။ အကြင်နာတရား အားသေးရင် အများကို သေးသေးငယ်ငယ်ပဲ ကူညီဖြစ်ပါတယ်။ အကြင်နာတရား အားကြီးရင် အများကို ကြီးကြီးကျယ်ကျယ်ကြီး ကူညီဖြစ်ပါတယ်။ အကြင်နာတရား အားကောင်းလေ၊ အများကို ပိုပြီး ကူညီလေပါပဲ။

အကြင်နာတရား လုံးဝမရှိတဲ့သူဟာ အများအကျိုးကို လုံးဝ ထည့်မတွက်၊ လုံးဝ မဆောင်ရွက်ပါဘူး။ အကြင်နာတရား အပြည့်အဝရှိတဲ့သူဟာ အများအကျိုးကို အပြည့်အဝ ထည့်တွက်၊ အပြည့်အဝ ဆောင်ရွက်ပါတယ်။ မေတ္တာနဲ့ အများအကျိုး ဆောင်ရွက်ဖြစ်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့အရာကတော့ ကရုဏာ ဆိုတဲ့ အကြင်နာတရားပါပဲ။ (တစ်ဖက်သားရဲ့ ခံစားချက်ကို ထည့်တွက်တဲ့၊ တစ်ဖက်သားရဲ့ အကျိုးတရားကို ထည့်စဉ်းစားတဲ့ ကိုယ်ချင်းစာတရားဆိုတာလည်း အကြင်နာတရားထဲမှာ အကျုံးဝင်ပါတယ်။)

---

http://www.dhammadownload.com

အကြင်နာတရား ပြည့်ဝတဲ့သူဟာ သူတစ်ပါး ဆင်းရဲဒုက္ခရောက်ကြောင်း၊ သူတစ်ပါး ပျက်စီးရာပျက်စီး ကြောင်းအလုပ်တွေကို ဘယ်တော့မှ မကြံစည်၊ မပြောဆို၊ မလုပ်ကိုင်ပါဘူး။ အကြင်နာတရား ခေါင်းပါးတဲ့သူက တော့ သူတစ်ပါးဆင်းရဲဒုက္ခရောက်ကြောင်း၊ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း အလုပ်တွေကိုပဲ အမြဲ ကြံစည်၊ ပြောဆို၊ လုပ်ကိုင်ပါတယ်။

လူပီသတဲ့ လူတိုင်းရဲ့ နှလုံးသားဟာ 'အကြင်နာ ပေါင်း ၈ သောင်း ၄ထောင်' ကိန်းဝပ်နေတဲ့ နှလုံးသား ဖြစ်ရပါမယ်။ လူပေါင်း ၈ သောင်း ၄ ထောင် အပေါ် အကြင်နာတရားရှိတာ၊ သတ္တဝါပေါင်း ၈ သောင်း ၄ ထောင်အပေါ် ကြင်နာတတ်တဲ့စိတ် ရှိတာကိုပဲ 'အကြင် နာပေါင်း ၈သောင်း ၄ထောင်' လို့ ပြောတာပါ။ (၈ သောင်း ၄ ထောင်ဆိုတာ ဘုရားဟောဂါထာမှာပါတဲ့ ခေတ်သုံးဝေါဟာရအတိုင်း စကားအရ ပြောလိုက်တာပါ။ ၈ သောင်း ၄ ထောင် လို့ ပြောတိုင်း အသချေ်အနန္တလို့ သဘောပေါက်ရပါမယ်။)

http://www.dhammadownload.com

ကိုယ်နဲ့ ထိတွေ့ပတ်သက်လာတဲ့ လူတိုင်းအပေါ် ကြင်နာတဲ့စိတ် ထားမယ်၊ ကြင်နာတဲ့စိတ်နဲ့ ပြောဆိုမယ်၊ ကြင်နာတဲ့စိတ်နဲ့ ပြုမူမယ်ဆိုရင် လူပေါင်း ၈ သောင်း ၄ ထောင်အပေါ်၊ လူပေါင်း အသင်္ချေအနန္တအပေါ် အကြင်နာတရား ထားပြီးသား ဖြစ်သွားပါတယ်။ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရား ၄ ပါးလုံးကို 'အကြင်နာတရား' လို့ ပေါင်းပြောလိုက်တာပါ။)

မနက် အိပ်ရာနိုးတာနဲ့ 'ငါ ဒီနေ့ လူပေါင်း ၈ သောင်း ၄ ထောင်ရဲ့ အကျိုးကို ဆောင်ရွက်မယ်' လို့ အဓိဋ္ဌာန်ပြုလိုက်ပါ။ အဲဒီနေ့ ကိုယ့်ရှေ့မှောက် ရောက်လာတဲ့ လူတိုင်းရဲ့ အကျိုးကို ဆောင်ရွက်ပေးလိုက်မယ်ဆိုရင် တစ်နေ့လုံးနေမှ လူတစ်ယောက်ရဲ့ အကျိုးကို ဆောင်ရွက်ပေးဖြစ်တာဟာလည်း လူပေါင်း ၈ သောင်း ၄ ထောင် (လူပေါင်း အသင်္ချေ အနန္တ)ရဲ့ အကျိုးကို ဆောင်ရွက်ပေးလိုက်တာပါပဲ။

နေ့စဉ်နေ့တိုင်း ကိုယ်နဲ့ ကူညီသင့်တဲ့သူကို ကိုယ်နဲ့ ကူညီ၊ နှုတ်နဲ့ ကူညီသင့်တဲ့သူကို နှုတ်နဲ့ ကူညီရပါမယ်။

---

http://www.dhammadownload.com

အကြောင်းမညီညွတ်လို့ ကိုယ်နဲ့လည်း မကူညီဖြစ်၊ နှုတ်နဲ့လည်း မကူညီဖြစ်ဘူး ဆိုရင်တောင်မှ စိတ်နဲ့တော့ ကူညီဖြစ်အောင် ကူညီလိုက်ရပါမယ်။ 'သတ္တဝါအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ' လို့ လေးလေးနက်နက် ဆက်ကာဆက်ကာ မေတ္တာပွားလိုက်တာဟာ စိတ်နဲ့ ကူညီလိုက်တာပါပဲ။

'သတ္တဝါအားလုံး ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေ' လို့ မေတ္တာပို့နေတာ၊ မေတ္တာပွားနေတာဟာ သတ္တဝါပေါင်း ၈ သောင်း ၄ ထောင်၊ သတ္တဝါပေါင်း အသင်္ချေ အနန္တရဲ့ အကျိုးကို ဆောင်ရွက်ရာရောက်တဲ့အတွက် ကိုယ်နဲ့၊ နှုတ်နဲ့ မကူညီဖြစ်တောင် စိတ်နဲ့ ကူညီနေတဲ့ မေတ္တာဘာဝနာပိုင်ရှင်ရဲ့ နှလုံးသားကိုလည်း အကြင်နာပေါင်း ၈ သောင်း ၄ ထောင် ကိန်းဝပ်နေတဲ့ နှလုံးသား လို့ ဆိုနိုင်ပါတယ်။

ဆိုလိုတာကတော့ . . . တစ်နေ့တာအတွင်းမှာ သူတစ်ပါးကို ကာယကံမြောက်၊ ဝစီကံမြောက် (ကိုယ်ထိလက်ရောက်၊ နှုတ်ထိပါးစပ်ရောက်) မကူညီဖြစ်တောင်

http://www.dhammadownload.com

မနောက်မြောက် (စိတ်ထိမနောရောက်) တော့ ကူညီဖြစ်အောင် ကူညီပါလို့ ဆိုလိုပါတယ်။

စိတ်နဲ့ မေတ္တာပွားပါများရင် ကိုယ်နဲ့၊ နှုတ်နဲ့လည်း မေတ္တာထားနိုင်လာပါလိမ့်မယ်။ စိတ်ထဲမှာ အကြင်နာတရား ရှိနေမှ ကိုယ်နဲ့ လုပ်သမျှ၊ နှုတ်နဲ့ ပြောသမျှထဲမှာလည်း အကြင်နာတရား ပါနေမှာပါ။ ကံသုံးပါးလုံးမှာ အကြင်နာတရား ပါနေရင် အကြင်နာတရားပိုင်ရှင်လည်း စိတ်အေးချမ်းရသလို အကြင်နာတရားပိုင်ရှင်နဲ့ ထိတွေ့ရသူတိုင်းလည်း စိတ်အေးချမ်းရပါတယ်။

လူတစ်ယောက်ကို အကြင်နာတရားတစ်ခုနှုန်းနဲ့ တွက်မယ်ဆိုရင်လည်း လူပေါင်း ၈ သောင်း ၄ ထောင်ရဲ့ နှလုံးသားမှာ အကြင်နာတရား ရှိနေတာဟာ အကြင်နာပေါင်း ၈ သောင်း ၄ ထောင် ရှိနေတာပါပဲ။ လူပေါင်း ၈ သောင်း ၄ ထောင်လောက်ရဲ့ နှလုံးသားမှာ အကြင်နာတရား ရှိနေမယ်ဆိုရင်ကိုပဲ အဲဒီလူ့အဖွဲ့အစည်းဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ညီညွတ်ပြီး သိပ်ကို အေးချမ်းနေမှာ သေချာပါတယ်။ အေးချမ်းတဲ့ လူ့အဖွဲ့အစည်း

http://www.dhammadownload.com

ဟာ တိုးတက်ဖို့လည်း ဘာမှ မခက်ခဲတော့ပါဘူး။

အေးချမ်းပြီး တိုးတက်တဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ အတွက် အကြင်နာပေါင်း ၈သောင်း ၄ ထောင် မရှိမဖြစ် လိုအပ်ပါတယ်။ လူတစ်ယောက်ချင်းမှာလည်း လူပေါင်း ၈ သောင်း ၄ ထောင်အပေါ် အကြင်နာတရား ရှိရပါ မယ်။ ဒါလည်း အကြင်နာပေါင်း ၈ သောင်း ၄ ထောင်ပါ။ လူပေါင်း ၈သောင်း ၄ထောင်မှာလည်း ကိုယ်စီကိုယ်စီ အကြင်နာတရား ရှိနေရပါမယ်။ ဒါလည်း အကြင်နာ ပေါင်း ၈သောင်း ၄ထောင်ပါ။

လူပေါင်း ၈သောင်း ၄ ထောင်ရဲ့ နှလုံးသား တိုင်းမှာ အကြင်နာပေါင်း ၈သောင်း ၄ ထောင် ရှိနေကြ မယ်ဆိုရင်. . ။

[ ၅ ]

I'm so busy loving every body, I just don't have time to hate anybody.

(Dale Evans)

http://www.dhammadownload.com

'လူတိုင်းကို ချစ်နေရတာနဲ့ အချိန်တွေ ကုန်နေတဲ့အတွက် ဘယ်သူ့ကိုမှ မုန်းဖို့ အချိန်မရှိပါဘူး'

**အပ္ပမာဒေနသမ္ပာဒေထ။**

တိုက်တွန်းချက် ။ ။ ရေတွင်းပေါင်း ၈ သောင်း ၄ ထောင်၊ ရေကန်ပေါင်း ၈ သောင်း ၄ ထောင် မလှူရင်နေပါ။ အကြင်နာပေါင်း ၈ သောင်း ၄ ထောင်၊ မေတ္တာပေါင်း ၈ သောင်း ၄ ထောင်တော့ နေ့စဉ်နေ့တိုင်း လှူဖြစ်အောင် လှူစေချင်ပါတယ်။

'အကြင်နာတရားတွေ × × ထားကြမှ × × × စိတ်ထားမြင့်မယ်' ဆိုတဲ့ ငယ်ငယ်က ကြားဖူးတဲ့ 'နှလုံးသားကို အလှဆင်မယ်' ရေဒီယိုသီချင်းထဲကလိုပဲ အကြင်နာတရားရှိတဲ့စိတ်သာ မြင့်မြတ်တဲ့စိတ်ဖြစ်ပြီး အကြင်နာတရားရှိတဲ့လူသာ မြင့်မြတ်တဲ့လူ ဖြစ်ပါတယ်။ နှလုံးသားကို အကြင်နာတရားနဲ့ မြင့်မြတ်စွာ အလှဆင်ကြပါစို့။

[အလင်းတန်းဂျာနယ်၊ နိုဝင်ဘာ ၁၉ နှင့် ၂၆၊ ၂၀၀၇]

———